# နွေဦးအသံ
the voice of spring

17.5.2021 · Monday · No . 42 · Daily News Pamphlet


**CDM ဝန်ထမ်းများကို ခြိမ်းခြောက်တရားစွဲနေသည့် အရာထမ်း(၆၂)ဦးကို NUG ပညာရေးဝန်ကြီးက အမည်ပျက်စာရင်းသွင်း၍ ဝန်ထမ်းအဖြစ်မှ ထပ်မံထုတ်ပယ်ခဲ့ဟုသိရ**

သတင်းတို — ရင်းမြစ် – NUG မှ

**မင်းတပ်မြို့ပြည်သူများကို အပြည့်အဝ အကာအကွယ်မပေးနိုင်ခဲ့သည့်အပေါ် စိတ်ထိခိုက်နာကျင် ခံစားရကြောင်းနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို လက်နက်အင်အား ပြည့်စုံအောင် ပြင်ဆင်နေကြောင်း အပါအဝင် အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်း တလပြည့်မိန့်ခွန်းကို ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ပြောကြားခဲ့**

သတင်းတို — ရင်းမြစ် – NUG မှ

## နိုင်ငံအနှံ့၌ သပိတ်စစ်ကြောင်းများကို အင်အားပိုမိုအားကောင်းစွာ အရှိန်မြှင့်တင် ပြုလုပ်ခဲ့ကြ




မေလ(၁၆)ရက်၊ ထားဝယ်၊ ကယား၊ မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ကြသည့် လူအင်အားရာချီသော သပိတ်စစ်ကြောင်းအသီးသီးကို တွေ့ရစဉ် -(ဓါတ်ပုံ - **CJ** )

**ကြားကာလအခြေခံပညာသင်ကြားရေးအတွက် မြို့နယ်အလိုက် ပညာရေးဘုတ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြရန်နှင့် စစ်ကျွန်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို မထုတ်ယူဘဲ NUG ပညာရေးဝန်ကြီးဌာန၏ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသည့် အစီအစဉ်များတွင် ပါဝင်ကြရန် ကြေညာချက်(၂)စောင် ထုတ်ပြန်ခဲ့**

သတင်းတို — ရင်းမြစ် – NUG မှ

**မင်းတပ်မြို့၌ စစ်အုပ်စုက လမ်းပေါ်ထွက်သမျှ ပြည်သူတိုင်းကို ပစ်ခတ်နေပြီး လိင်အကြမ်းဖက်မှုကျူးလွန်နေ**

သတင်းတို — ရင်းမြစ် – DVB မှ

**ပိတ်ပင်ခံခဲ့ရသည့် မဇ္ဈိမသတင်းဌာနကို စစ်အုပ်စုက မတရားအသင်းဆက်သွယ်မှုနှင့် ထပ်မံတရားစွဲဟုသိရ**

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

**ရန်ကုန်ရှိ Denko မြောက်ဥက္ကလာပဆိုင်ခွဲတွင် ဗုံးပေါက်ကွဲခဲ့ပြီး (၁)ဦး သေဆုံး၊ (၅)ဦး ဒဏ်ရာရရှိခဲ့**

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

**မြန်မာနိုင်ငံသားများ စိတ်မပျက်ကြရန်နှင့် အချင်းချင်းသွေးမကွဲကြရန် ပုပ်ရဟန်းမင်းကြီးဖရန့်စစ်က ပန်ကြား**

သတင်းတို — ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
17.5.2021 · Monday · No . 42 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၆)ရက်၊ ၂၀၂၁

- စစ်အုပ်စု ဖိနှိပ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် ယင်းမာပင်မြို့နယ်ရှိ ကျေးရွာပေါင်း(၄၁)ကျော်မှ ဒေသခံများကို NUG အစိုးရက ရွက်ဖျင်တဲ၊ မိုးကာများနှင့် အခြားပစ္စည်းများအား ကျပ်သိန်းလေးဆယ်ကျော်ဖိုး ထောက်ပံ့ခဲ့ဟု သိရ။
- ပဲခူးမြို့ရှိ ပြည်သူရာနှင့်ချီပြီး သတ်ဖြတ်ခံခဲ့ရမှုတွင် တာဝန်ရှိသူတဦးဖြစ်သည့် ပဲခူးတိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုရဲမှူးကြီး အောင်ခိုင်မှာ နံနက်ပိုင်းက သေဆုံးခဲ့ဟု သိရ။
- ကချင်၊ ရွှေကူမြို့ ဧရာဝတီဒုတိယမြစ်ကျဉ်းနေရာတွင် စစ်အုပ်စုဘက်က တပ်သား(၅၀) ခန့်နှင့် လက်နက်၊ ရိက္ခာသယ်လာသည့် ပင်လုံအမည်ရှိသင်္ဘောမှာ နံနက်(၆)နာရီခန့်က ပစ်ခတ်တိုက်ခိုက် ခံခဲ့ရဟုသိရ။
- ကလေးမြို့ အ.လ.က(၁) (ထ-ခွဲ) ကျောင်းတွင် ယနေ့နံနက်ပိုင်းက မီးလောင်ခဲ့။
- စစ်ကိုင်း၊ စဥ့်ကိုင်မြို့နယ်၊ မုံပင်ရွာသို့ စစ်အုပ်စုက စစ်ကားလေးစီး၊ အင်အား(၃၀)ကျော်ဖြင့် ရွာအတွင်း ဝင်ရောက်၍ သပိတ်ခေါင်းဆောင်များကို လာရောက် ဖမ်းဆီးရာ မတွေ့သဖြင့် နေအိမ်များအတွင်းရှိ အသုံးအဆောင်နှင့် ပိုက်ဆံများကို လုယက်ခဲ့ကြ။
- ကနီမြို့နယ်တွင်း ကျေးရွာများမှ စစ်အုပ်စုက ဖမ်းဆီးထားသည့် ရွာသားများအနက် ဇီးပင်တွင်းရွာမှ သုံးဦးနှင့် သမင်ခြံတောတိုက်မှ ခုနစ်ဦးမှာ မေလ (၁၅)ရက်က ပြန်လွတ်လာပြီ ဖြစ်ကာ နောက်ထပ်(၃၀)ဦးခန့်ကို ဖမ်းဆီးထားဆဲဟု သိရ။
- မြင်းခြံမြို့ အ.ထ.က (၂) အနီး၌ လည်းကောင်း၊ (၁၂) ရပ်ကွက်၊ ဘုရားလမ်းရှိ စစ်ကျွန်ရဲဝန်ထမ်းတဦးအိမ်အနီးအနားတွင် လည်းကောင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့။



- မွန်ပြည်နယ်၊ သထုံတွင် အ.ထ.က (၂) ကျောင်းရှေ့တွင် ပေါက်ကွဲမှုနစ်ကြိမ် ဖြစ်ခဲ့စိုးရတနာကုန် တိုက်အနီးတွင်လည်း ထပ်မံပေါက်ကွဲမှုဖြစ်ခဲ့ဟုသိရ။
- လောင်းလုံမြို့နယ်တွင် နေ့စဉ် ဆန္ဒဖော်ထုတ်နေသည့် ညောပြင်ကျေးရွာ၌ နံနက်ပိုင်းက စစ်အုပ်စုက အင်အား (၃၀) ခန့်နှင့် ကျေးရွာအတွင်း ဝင်ရောက်၍ ပစ်ခတ်ဖြိုခွဲရာ ဒေသခံလေးဦးထက်မနည်း ဖမ်းဆီးခံရ။
- ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ် ရပ်ကွက်၊ စွယ်တော်လမ်းနေ ကိုပိုင်ပိုင်ဦးအား နံနက်(၇)နာရီခွဲခန့်က စစ်အုပ်စုက နေအိမ်သို့ လာရောက်ဖမ်းဆီးရာ မတွေ့သဖြင့် မိခင်နှင့် ညီနှစ်ဦးကို ဓားစားခံအဖြစ် ဖမ်းဆီးခဲ့။
- ဧရာဝတီ၊ ပန်းတနော် NLD ပါတီ အတွင်းရေးမှူး ဒေါက်တာတင်မင်းထွဋ်ကို မေ(၁၅)ရက်၊ ည(၉)နာရီခန့်၌ စစ်အုပ်စုကဖမ်းဆီးခဲ့။
- မိတ္ထီလာမြို့၊ သုဇနဗဟိုလမ်းရှိ ဦးထိန်မင်းခိုင် ဆိုသူနေအိမ်အား စစ်အုပ်စုက နေ့လယ်(၁)နာရီခွဲခန့်တွင် အင်အား အများအပြားဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ဟုသိရ။
- ရန်ကုန်၊ သင်္ဃန်းကျွန်း၊ လေးထောင့်ကန်။ မန္တလေး၊အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံ။ မိုးကုတ်မြို့နယ် ကျောင်းသားသမဂ္ဂနှင့် ကျောက်ပြဿဒ်စံပြ ကျေးရွာ။ ပဲခူး၊ သာယာဝတီမြို့၊ အ.ထ.က(၁)။ ထန်းတပင်မြို့နယ်၊ နတ်ရွာ။ စစ်ကိုင်း၊ ပုလဲမြို့နယ်၊ မွေတုံရွာ။ မကွေး၊ မြိုင်မြို့နယ် မြောက်ဘက်ခြမ်းကျေးရွာများ။ မွန်- ပေါင်မြို့တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ကို ပြုလုပ်ခဲ့ကြပြီး မုံရွာ။ ထားဝယ်တောင်ပိုင်းကျေးရွာများ။ ရှမ်း-ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ လှိုင်သာယာ၊ ဆိတ်ကြီးခနောင်တို။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ မြတောင်နှင့် ကျောက်မျက်ပွဲစား၊ အင်ဂျီနီယာစစ်ကြောင်း။ ရွှေဘို။ ညောင်ဦး။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ ကမ္ဘ။ ကန့်ဘလူ၊ ထန်းကုန်း၊ ဇီးကုန်း။ ရေဦး။ ဆားလင်းကြီး၊ ဖောင်းကားကျေးရွာ။ မင်းဘူး။ ဒီပဲယင်းမြို့နယ်၊ ရင်းရဲကျေးရွာ။ မိုးကောင်း။ ပုဂံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ ရေဖြူ၊ ကံပေါက်။ လောင်းလုံမြို့နယ်- မောင်းမကန်၊ တီဇစ်၊ ညောပြင်၊ ပန်းဒလဲ၊ ကဒက်ကြီး၊ ညင်းမော်။ မွန်-ပေါင်။ မြစ်ကြီးနား။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ ဝိုင်းမော်။ တာမခန်၊ နမ္မတီး။ ကယား-ဒီးမော့ဆို။ ရှမ်း-ဟဲဟိုး စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။ ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၉၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၅၀၇၃ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၆၅၉ ဦး

ရင်းမြစ်-အေအေပီပီမှ



မေလ(၁၆)ရက်၊ မုံရွာမြို့၌ ပြုလုပ်ခဲ့သည့် ကျေးရွာပေါင်းစုံ သပိတ်စစ်ကြောင်းတခုကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ-CJ )

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

"ပုံမှန်လို ပြန်ဖြစ်သွားကြပြီလား၊
အနာဂတ်တွေပျောက်နေတုန်းပဲနော်"